**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၂၀ /၂၀၁၉
ရက်စွဲ၊၂၀၁၉ – ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၅-၉-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး-၂) (၁၄၄၆၅) / ၂၀၁၉

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၉-၉-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/(၇၈)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 West တွင် Drilling Campaign (Call Sign : A8BM6) ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် M-9 West (1st Operation) ကို (၁၅-၉-၂၀၁၉) ရက်နေ့မှ (၃၀-၁၂-၂၀၁၉) ရက်နေ့အထိလည်းကောင်း၊ M-9 West (2nd Operation) ကို (၁၀-၃-၂၀၂၀) ရက်နေ့မှ (၃၀-၄-၂၀၂၀) ရက်နေ့အထိလည်းကောင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ Drilling Campaign လုပ်ငန်းဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) Restricted Area Boundary Coordinates (1st Operation)

| Point | Latitude | Longitude |
|---|---|---|
| Point (A) | 14˚ 27' 17.22" N | 94˚ 49' 00.06" E |
| Point (B) | 14˚ 27' 23.88" N | 95˚ 16' 20.21" E |
| Point (C) | 14˚ 19' 41.28" N | 95˚ 16' 21.71" E |

| | | |
|---|---|---|
| Point (D) | 14˚ 19' 41.60" N | 95˚ 29' 47.90" E |
| Point (E) | 14˚ 00' 00.00" N | 95˚ 29' 50.50" E |
| Point (F) | 14˚ 00' 00.00" N | 94˚ 49' 00.00" E |
| Point (A) | 14˚ 27' 17.22" N | 94˚ 49' 00.06" E |

(ခ) Individual Surface Location of Well (2nd Operation)

| Point | Latitude | Longitude |
|---|---|---|
| Pundarika–1 | 14˚ 10' 01.90" N | 95˚ 27' 56.70" E |
| Aungpyitan–1 | 14˚ 12' 55.004" N | 95˚ 02' 04.552" E |
| Uppala–1 | 14˚ 20' 14.60" N | 95˚ 06' 20.52" E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–9 West (1st Operation) ကို (၁၅–၉–၂၀၁၉) ရက်နေ့မှ (၃၀–၁၂–၂၀၁၉) ရက်နေ့အထိ လည်းကောင်း၊ M–9 West (2nd Operation) ကို (၁၀–၃–၂၀၂၀) ရက်နေ့မှ (၃၀–၄–၂၀၂၀) ရက်နေ့အထိလည်းကောင်း လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘော များ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထပ်မံ၍ ထုတ်ပြန် ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

ကိုကိုနိုင်–ညွှန်ကြားရေးမှူး(SSE)